**November 15, 2020**
*Office of the Compliance Advisor Ombudsman (CAO)*

## IFC အပေါ် လိုက်နာမှုစုံစမ်းစစ်ဆေးခြင်းအတွက် ရည်ညွှန်းသတ်မှတ်ချက်များ

မြန်မာ့ဩဘာ ကုမ္ပဏီအုပ်စုလီမိတက်ထံတွင် *IFC ၏ ရင်းနှီးမြှုပ်နှံမှု (IFC စီမံကိန်း #35880) မြန်မာ*

*တိုင်ကြားမှု ၀၁*

### CAO အကြောင်း

CAO ၏ မျှော်မှန်းချက်သည် မျှတသော၊ ယုံကြည်စိတ်ချရသော၊ ထိရောက်သော၊ လွတ်လပ်သော ကုစားမှု ယန္တရားတစ်ခုအဖြစ် ဆောင်ရွက်ရန်နှင့် IFC နှင့် MIGAတို့၏ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာတာဝန်ခံမှု ကို တိုးတက်စေရန်ဖြစ်ပါသည်။

CAO (Compliance Advisor Ombudsman ရုံး) သည် ကမ္ဘာ့ဘဏ်အုပ်စု၏ ဥက္ကဋ္ဌထံသို့ တိုက်ရိုက် အစီရင်ခံသော လွတ်လပ်သည့် ရာထူးတစ်ခုဖြစ်ပါသည်။ CAO သည် ကမ္ဘာ့ဘဏ်အုပ်စု၏ ပုဂ္ဂလိက ကဏ္ဍ လက်တံ နှစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) နှင့် နိုင်ငံပေါင်းစုံ ရင်းနှီးမြှုပ်နှံမှု အာမခံအေဂျင်စီ(MIGA)တို့၏ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ထိခိုက်နစ်နာသောဒေသခံပြည်သူများ၏ တိုင်ကြားချက်များကိုပြန်လည်သုံးသပ်ပါသည်။

CAO သည် IFC သို့မဟုတ် MIGA စီမံကိန်းနှင့် ပတ်သက်၍ တိုင်ကြားချက်တစ်စုံတစ်ရာရရှိပါက အဆိုပါ တိုင်ကြားမှုကို အကဲဖြတ်ဆောင်ရွက်ပါသည်။ သက်ဆိုင်သူများက အလွယ်တကူဖြေရှင်းရန်ဆန္ဒမရှိပါက (သို့) ဝိုင်းဝန်းပံ့ပိုးအဖြေရှာမှု မရရှိနိုင်ဟု CAO က ကောက်ချက်ချပါက အဆိုပါတိုင်ကြားချက်ပါစိုးရိမ်ပူပန်မှုများအရ IFC / MIGA တို့အပေါ် လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုသင့်၊မပြုသင့်ကို ဆန်းစစ်နိုင်ရန် ယင်း တိုင်ကြားမှုကို CAO ၏ ကိုက်ညီလိုက်နာမှု လုပ်ငန်းတာဝန်သို့လွှဲပြောင်းပေးမည်ဖြစ်ပါသည်။

CAO လိုက်နာမှုလုပ်ဆောင်ချက်ကို IFC နှင့် MIGA တို့အပေါ် အဓိကအလေးပေးလုပ်ဆောင်မည်ဖြစ်ပြီး ဝန်ဆောင်မှုရယူသူများ (client များ) အတွက်မဟုတ်ပါ။ အဆိုပါဆောင်ရွက်ချက်ကို IFC ၏ စီးပွားရေးလုပ် ဆောင်မှုများဖြစ်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုထုတ်လုပ်၊ရောင်းဝယ်စီးဆင်းမှုကဏ္ဍ၊ ဘဏ္ဍာရေးဈေးကွက်များ နှင့် အကြံ ပေးဝန်ဆောင်မှုများအားလုံးအတွက် လုပ်ဆောင်မည်ဖြစ်ပါသည်။

IFC / MIGA သည် ၎င်းတို့၏စီးပွားရေးဆောင်ရွက်ချက် (သို့မဟုတ်) အကြံဉာဏ်များ၊ စီးပွားရေးဆောင်ရွက်ချက် (သို့) အကြံပြုချက်များ၏ ရလဒ်များသည် သက်ဆိုင်ရာ ပေါ်လစီပြဋ္ဌာန်းချက်များ၏ရည်ရွယ်ချက်နှင့်ကိုက်ညီမှုရှိမရှိကိုယ်တိုင်ကိုယ်ကျအာမခံဆောင်ရွက်ပုံကို CAO က အကဲဖြတ်ပါ သည်။ သို့ရာတွင်ဖြစ်ရပ်အများစုတွင် သက်ဆိုင်ရာ လိုအပ်ချက်များနှင့်ကိုက်ညီစေမှုရှိမရှိ စီမံကိန်း စွမ်းဆောင် ရည်ကို အကဲဖြတ်ခြင်းနှင့် IFC / MIGA ၏ အကောင်အထည်ဖော်မှုကိုအကဲဖြတ်ခြင်းတို့တွင် CAOသည် ဝန်ဆောင်မှု ရယူသူများ၏လုပ်ဆောင်ချက်များကိုပြန်လည်သုံးသပ်ရန်နှင့်မြေပြင်ပေါ်တွင်ဖြစ်ပျက်နေသည့်ရလဒ်များကို အတည်ပြုရန်လိုအပ်သည်။

CAOသည်လိုက်နာမှုဆိုင်ရာအကဲဖြတ်မှုပြီးဆုံးသည်နှင့်တစ်ပြိုင်နက် အဆိုပါအကဲဖြတ်မှုရလဒ်များ၏ အကျဉ်းချုပ်ကို အများပြည်သူသိစေရန် တင်ပြပါမည်။ အဆိုပါ လိုက်နာမှုဆိုင်ရာအကဲဖြတ်မှု၏ ရလဒ်အဖြစ် လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုကိုစတင်ရန် CAO က ဆုံးဖြတ်ပါက CAO၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုအတွက် သတ်မှတ်ချက်များ (TOR) ကို CAO က ပြုစုပါမည်။

CAO သည် ကမ္ဘာ့ဘဏ်၏ ဥက္ကဋ္ဌနှင့်ဘုတ်အဖွဲ့၊ IFC / MIGA ၏ အကြီးတန်းစီမံခန့်ခွဲမှုနှင့် အများပြည်သူထံသို့ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာပါ လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုတွေ့ရှိချက်များနှင့် ယင်း၏ဆုံးဖြတ်ချက်များကို ထုတ်ဖော်ပြသပါမည်။

CAO အကြောင်းပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ www.cao-ombudsman.org. ကို ကြည့်ရှုပါ။

## ရင်းနှီးမြှုပ်နှံမှုဖြစ်ပေါ်လာပုံ

မြန်မာ့သြဘာ ကုမ္ပဏီအုပ်စုလီမိတက် ("သြဘာ" (သို့)" ဝန်ဆောင်မှုရယူသူ" ) သည်မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး သွင်းအားစုများကို ဦးဆောင်ထုတ်လုပ်သူနှင့်ဖြန့်ဖြူးသူဖြစ်ပါသည်။ သြဘာ၏စီးပွားရေး လုပ်ဆောင်မှု များမှာပေါင်းသတ်ဆေးများ၊ မှိုသတ်ဆေးများနှင့်ပိုးသတ်ဆေးများနှင့်ဓာတ်မြေသြဇာများ အပါအဝင် သီးနှံ ကာကွယ်ရေးထုတ်ကုန်များထုတ်လုပ်ခြင်းနှင့်ထုပ်ပိုးခြင်းတို့ပါဝင်သည်။

၂၀၁၆ ခုနှစ်တွင် IFC သည် မြန်မာနိုင်ငံရှိ အဆိုပါဝန်ဆောင်မှုရယူသူ၏လုပ်ငန်းတိုးချဲ့မှုအတွက် ချေးငွေတစ်ခုပေးခဲ့ပါ သည်။ IFC ၏ ဖော်ပြချက်အရ စီမံကိန်းတွင် " ဓာတ်မြေသြဇာ သိုလှောင်ရုံများ နှင့်ဓာတ်မြေသြဇာ ဖြန့်ဖြူးရေးစခန်းများတည်ဆောက်ခြင်း၊ လက်ရှိအစိုးရမှော်ဘီပိုးသတ်ဆေးစက်ရုံ (Myanmar Pesticide Industry, MPI ဟုလည်းခေါ်သည်) ဘေးတွင် တည်ရှိသည့် စက်မှုဇုန်တွင် စိုက်ပျိုးရေး ဓာတုပစ္စည်းထုတ်လုပ်မှုစက်ရုံအသစ်တည်ဆောက်ရန်၎င်း၏မြန်မာ့သြဘာအုပ်စုအတွက်ဒုတိယဓာတုလိုင်စင်ရရှိခြင်း၊ ပစ္စည်းကိရိယာများ (ပုလင်းနှင့်ထုပ်ပိုးစက်ယန္တရား)၊ ဂိုဒေါင်သိုလှောင်ရုံများနှင့် လုပ်ငန်းလည်ပတ်ငွေ အရင်းအနှီးများ ပါဝင်ပါသည်။"[1]

[1] IFC (2016) Summary of Investment Information (SII) and Environmental and Social Review Summary (ESRS), project number 35880. Available at: https://bit.ly/3jArKcA and https://bit.ly/2XITBhr, respectively.

IFC၏စီမံကိန်းထုတ်ဖော်ချက်များတွင်မဖော်ပြထားသော်လည်း တိုင်ကြားချက်ပါ ပြ သသနာများအရ MPI စက်ရုံကို ဝ န်ဆောင်မှုရယူသူက ၂၀၀၈ ခုနှစ်မှစ၍ ဖက်စပ်အဖြစ်လုပ်ကိုင်ခဲ့ပါသည်။ အဆိုပါစက်ရုံကို ၁၉၉၀ ပြည့်နှစ်တွင်တည်ဆောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်အထိအစိုးရကလည်ပတ်ဆောင်ရွက်ခဲ့ပါသည်။ CAO ၏ အကဲဖြတ်ချက်အရ ဩဘာ၏ဘုတ်အဖွဲ့က စက်ရုံကို စွန့်လွှတ်ရန် ၂၀၁၈ ခုနှစ် ဖွန်လတွင် အတည်ပြုခဲ့ပါ သည်။

IFC ၏ ဖော်ပြချက်အရ အဆိုပါဝန်ဆောင်မှုရယူသူ၏ မော်ဘီစိုက်ပျိုးရေးသွင်းအားစု အဆောက်အဦ (HAIC) သည် မော်ဘီမြို့နယ်ရှိ စက်မှုဇုန်အတွင်းတွင် တည်ရှိပြီး ဆောက်လုပ်ရေးကို အဆင့်သုံးဆင့်ဖြင့် လုပ်ဆောင်လျှက်ရှိကာ ၂၀၂၀ ပြည့်နှစ်တွင် ပြီးစီးမည်ဟုမျှော်လင့်ပါသည်။ HAIC တည်ဆောက်မှု၏ ပထမအဆင့်ကို ၂၀၁၈ ခုနှစ်တွင်ပြီးစီးခဲ့ပါသည်။

## တိုင်ကြားချက်၊ CAO အကဲဖြတ်စစ်ဆေးချက်နှင့် အငြင်းပွားမှုဖြေရှင်းခြင်း

၂၀၁၇ ခုနှစ်အောက်တိုဘာလတွင် CAO သည် HAIC နှင့် MPI စက်ရုံ အနီးတစ်ဝိုက်တွင်နေထိုင်သော ဒေသခံရပ်ကွက်သားများကိုယ်စားနှင့် မိမိကိုယ်ကိုယ်ကိုယ်စားပြုကာတိုင်ကြားသည့် ဒေသခံတစ်ဦး ထံမှ တိုင်ကြားချက်တစ်ခုရရှိခဲ့သည်။[2]

တိုင်ကြားချက်အတွက် ထပ်မံဖြည့်စွက်ချက်ကို ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလတွင် CAO သို့တင်ပြခဲ့ပြီး အဆိုပါဖြည့်စွက်တင်ပြချက်တွင် စိုးရိမ်ပူပန်နေမှုများကို ထပ်တိုးဖော်ပြခဲ့ကာ တိုင်ကြားသူများသည် စုစုပေါင်း ကျေးရွာ[redacted]ရွာမှဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ ယင်းတို့မှာ [redacted] ကြီ [redacted] တို့ဖြစ်ပါသည်။

သက်ဆိုင်သူများသည် CAO က လွယ်ကူချောမွေ့စေရန်ပံ့ပိုးပေးသည့် အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်ကို ကနဦးပိုင်းကသဘောတူညီခဲ့သော်လည်းအငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်တိုးတက်ရန်အတွက် သဘော တူညီချက်ရရှိထားခြင်းမရှိပါ။ ထို့ကြောင့်တိုင်ကြားချက်ကိုအကဲဖြတ်ပေးရန်အတွက် CAO ၏လိုက်နာမှု လုပ်ဆောင်ချက်ထံသို့ (၂၀၂၀) ပြည့်နှစ်ဖွန်လတွင် လွှဲပြောင်းခဲ့ပါသည်။[3]

[2] Complaint to CAO in relation to IFC's investment in Myanma Awba Group Company Ltd. (October 2017), available at: https://bit.ly/Awba-CAOCase
[3] CAO Dispute Resolution Conclusion Report (June 2020), available at: https://bit.ly/AwbaDRConclusion

တိုင်ကြားသူများက MPI နှင့် HAIC တို့၏ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ (E&S) သက်ရောက်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကိုတင်ပြကြပါသည်။ တိုင်ကြားသူများအနေဖြင့်အောက်ပါအချက်များနှင့် စပ်လျဉ်းသည့် စွပ်စွဲချက်များကို တင်ပြကြပါသည် - ၁) ဒေသခံရေအရင်းအမြစ်များ နှင့်ဆက်စပ်သော ကျန်းမာရေးဆိုင်ရာသက်ရောက်မှုများ၊ ၂) လေထုညစ်ညမ်းခြင်းနှင့်အနံ့ အသက်ပြင်းခြင်းကြောင့် မူးဝေခြင်းနှင့် မအီမသာဖြစ်ခြင်း၊ ၃) လမ်းပန်းဆက်သွယ်ရေးကိုကန့်သတ်ခြင်း၊ ၄) မမျှတသော၊ ဘေးကင်းလုံခြုံမှုမရှိသော အလုပ်စေခိုင်းမှုများ၊ ၅) ESIA လုပ်ငန်းစဉ်တွင် တိုင်ပင်ဆွေးနွေးမှုမရှိခြင်းနှင့်မကျေနပ်ချက် တိုင်ကြားချက်များကိုင်တွယ်သည့်လုပ်ထုံးလုပ်နည်းများမလုံလောက်ခြင်း၊ ၆) လေထုနှင့်ရေထု ညစ်ညမ်းမှုများကြောင့်အပင်နှင့်သတ္တဝါများအပေါ်သက်ရောက်မှုနှင့် (၇)ဒေသအတွင်းရှိတိုင်းရင်းသားလူနည်းစုများ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ်ကွဲပြားခြားနားသောသက်ရောက်မှုများ။

## လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုနယ်ပယ်

စီမံကိန်း၏စွမ်းဆောင်ရည်နှင့် IFC / MIGA တို့အနေဖြင့် သက်ဆိုင်သည့်လိုအပ်ချက်များပြည့်မီစေရန် အကောင်အထည်ဖော်မှုများကို အကဲဖြတ်ရာတွင် လုပ်ထုံးလုပ်နည်းများအတိုင်း တသွေမတိမ်းလုပ်ဆောင်မှု (due diligence) နှင့် ကြီးကြပ်စဉ်အတွင်း ၎င်း၏ရင်းနှီးမြှုပ်နှံမှုက ပတ်ဝန်းကျင်နှင့်လူမှုရေးစွမ်းဆောင်နိုင်မှု တို့အပေါ် သက်ရောက်ပုံကို သိရှိစေရန်မည်သို့လုပ်ဆောင်သည်ကို CAO လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုက အလေးပေးပါသည်။ CAOသည် ဝန်ဆောင်မှုရယူသူ၏ လုပ်ဆောင်ချက်များကိုပြန်လည်သုံးသပ်ရန်နှင့် ကွင်းဆင်းရလဒ်များကိုအတည်ပြုရန်လိုအပ်ပါသည်။

လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုအတွက်ချဉ်းကပ်မှုနည်းလမ်းကို CAO ၏လုပ်ငန်းလည်ပတ်မှု လမ်းညွှန်ချက်များ (၂၀၁၃ခုနှစ်မတ်လ) တွင်ဖော်ပြထားပြီး CAO က ကျင့်သုံးသည့် လိုက်နာမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှု၏လက်တွေ့အဓိပ္ပါယ်ဖွင့်ဆိုချက်သည်အောက်ပါအတိုင်းဖြစ်သည်ဟုဖော်ပြထားပါသည်။

> စုံစမ်းစစ်ဆေးမှုဆိုသည်မှာ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အခြေအနေများ၊ စီမံခန့်ခွဲ မှုစနစ်များ (သို့) ဆက်စပ်နေသည့်သတင်းအချက်အလက်များသည် လိုက်နာခြင်းဆိုင်ရာ စုံစမ်း စစ်ဆေးမှု စံနှုန်းများနှင့်ကိုက်ညီမှုရှိမရှိဆုံးဖြတ်ရန်အတွက် သက်သေအထောက်အထားများကို ဓမ္မဓိဋ္ဌန်ကျကျလက်ခံ၊ အကဲဖြတ်သည့် စနစ်တကျမှတ်တမ်းတင်ထားသော အတည်ပြုခြင်း လုပ်ငန်းစဉ်ဖြစ်သည်။

CAO ၏အကဲဖြတ်အစီရင်ခံစာတွင်ဖော်ပြထားသည့်အတိုင်း[4] တိုင်ကြားချက်တွင်ဖော်ပြထားသည့် အကြောင်းခြင်းရာများနှင့် စပ်လျဉ်းပြီး ဩဘာတွင် IFC ၏ ရင်းနှီးမြှုပ်နှံမှုအပေါ်လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုတစ်ခုကို CAO က ပြုလုပ်ပါမည်။

ဝန်ဆောင်မှုရယူသူထံတွင် IFC ၏ရင်းနှီးမြှုပ်နှံမှုသည် သက်ဆိုင်ရာ IFC ပေါ်လစီများ၊ လုပ်ထုံး လုပ်နည်းများနှင့်စံနှုန်းများနှင့်ကိုက်ညီခြင်းရှိမရှိ၊ ပြန်လည်သုံးသပ်၊ကြီးကြပ်ထားခြင်းရှိမရှိကို လိုက်နာမှုဆိုင်ရာ စုံစမ်းစစ်ဆေး

[4] CAO Appraisal Report (October 2020), available at: https://bit.ly/AwbaAppraisal

မှုက ထည့်သွင်းစဉ်းစားပါမည်။ ၎င်းသည် သတ်မှတ်ချက်နှင့်မကိုက်ညီမှု၊ ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများ နှင့် / (သို့မဟုတ်) လူမှုရေးဆိုင်ရာ ဆိုးကျိုးများနှင့် ၎င်းတို့ကို အတည်ပြုနိုင်သည့် အတိုင်းအတာ အပါအဝင် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးမှု၏တွေ့ရှိချက်များကို တင်ပြပါမည်။ CAO သည်လိုက်နာမှုမရှိခြင်း(သို့မဟုတ်) တွေ့ရှိရသည့်ဆိုးရွားသည့်ရလဒ်များ၏နောက်ခံအကြောင်းရင်းများနှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များ ကို လည်းတင်ပြနိုင်သည်။

CAO အကဲဖြတ်မှုအစီရင်ခံစာတွင် အထူးသဖြင့် MPI နှင့် HAIC ပိုးသတ်ဆေး စက်ရုံနှစ်ခုနှင့် ဆက်စပ်နေမှုဟူ သည့် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် IFC ၏ရေရှည်တည်တံ့ခိုင်မြဲမှုမူဘောင် အသုံးပြုခြင်းနှင့်သက်ဆိုင်သည့် မေးခွန်းများကိုအောက်ပါအတိုင်းဖော်ထုတ်ခဲ့ပါသည်။

၁။ အထူးသဖြင့် MPI ဖက်စပ်နှင့်ဆက်စပ်မှုရှိနေသဖြင့် ရင်းနှီးမြှုပ်နှံမှုမတိုင်မီ ဝန်ဆောင်မှုရယူသူအပေါ် IFC ၏ E&S ပြန်လည်သုံးသပ်ခြင်းသည် လုပ်ငန်းလည်ပတ်မှုမှ ထွက်ပေါ်လာသော E&S အန္တရာယ်ရှိနိုင်ခြေများနှင့် သက်ရောက်မှုများအဆင့်နှင့်ကိုက်ညီမှုရှိမရှိ။

၂။ MPI ဖက်စပ်လုပ်ငန်းကထွက်ရှိသည့် လေထုညစ်ညမ်းမှုကို PS3 ၏လိုအပ်ချက်များနှင့်တိုက်ဆိုင်၍ IFC က အကဲဖြတ်ပုံနှင့် လျှော့ချပုံ။

၃။ PS7 (ဌာနေတိုင်းရင်းသားများ) သည်၎င်းရင်းနှီးမြှုပ်နှံမှုကို မလျှောက်ထားနိုင်ကြောင်း နှင့် / (သို့မဟုတ်) စီမံကိန်း ဧရိယာအတွင်းရှိတိုင်းရင်းသားလူနည်းစုများအပေါ် ထိခိုက်အားနည်းလွယ်သည့် အုပ်စုများနှင့် စပ်လျဉ်းသည့် PS1 လိုအပ်ချက်များကိုစနစ်တကျလိုက်နာကျင့်သုံးခြင်းရှိ မရှိဆုံးဖြတ်ရန်အတွက် IFC သည်စာရွက်စာတမ်းများကို လုံလောက်စွာအကဲဖြတ်ခြင်းနှင့်ထိန်းသိမ်းထားခြင်းရှိမရှိ။

၄။ အထူးသဖြင့်သတင်းအချက်အလက်ရရှိမှုမူဝါဒလိုအပ်ချက်များကို လိုက်နာသည့် HAIC စက်ရုံအတွက် ၂၀၁၅ EIA ၏ကန ဦး EIA နှင့် စပ်လျဉ်းပြီး IFC သည်သက်ဆိုင်ရာ E&S စီမံကိန်း အချက်အလက်များ ကို ထုတ်ဖော်ခြင်းရှိ၊ မရှိ၊

၅။ ဝန်ဆောင်မှုရယူသူသည် ထုတ်ဖော်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းနှင့် တိုင်ကြားမှု ကိုင်တွယ်ခြင်းတို့အတွက် PS1 လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိ၊မရှိကို IFC က မည်သို့သေချာစေသည်

၆။ PS3 နှင့် PS4 လိုအပ်ချက်များ၊ EHS လမ်းညွှန်ချက်များနှင့်မြန်မာဥပဒေလိုအပ်ချက်များနှင့် တိုက်ဆိုင်၍

လေထုထုတ်လွှတ်မှုနှင့်ရေထုညစ်ညမ်းမှုနှင့် ဒေသခံများ၏ကျန်းမာရေးအပေါ်သက်ရောက်မှုများ အပါအဝင်

ဝန်ဆောင်မှုရယူသူ၏ MPI နှင့် HAIC လုပ်ငန်းလည်ပတ်မှု၏ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု (EHS) စွမ်းဆောင်ရည်ကို IFC ကမည်သို့ အာမခံသည်၊

၇။ PS1 ၏ လိုအပ်ချက်များအရ ဝန်ဆောင်မှုရယူသူက ၂၀၁၈ ခုနှစ်တွင် MPI ဖက်စပ်လုပ်ငန်း နှင့် လက်တွဲဖြုတ်လိုက်သည့်အခါ ကြွင်းကျန်သက်ရောက်မှုများကို IFC က မည်သို့အကဲဖြတ်၊လျှော့ချသည်။

အကဲဖြတ်အစီရင်ခံစာတွင်ဖော်ပြထားသည့်အတိုင်း တိုင်ကြားစာတွင် လက်မှတ်ရေးထိုးထားသူများတွင် စီမံကိန်း၏ကန်ထရိုက်တာများက ခန့်ထားသည့် ဝန်ထမ်းများမပါဝင်ပါ။ MPI စက်ရုံမှ ယခင်အလုပ်သမားများ (သို့မဟုတ်) HAIC မှ ယခင် / လက်ရှိအလုပ်သမားများ မပါဝင်ပါ။ ထို့ကြောင့်တိုင်ကြားချက်တွင် ဖော်ပြထားသည့် အလုပ်သမားနှင့်သက်ဆိုင်သည့် ပြဿနာများကို အကဲဖြတ်ခြင်းနယ်ပယ်မှဖယ်ထုတ်ထားသဖြင့် စုံစမ်းစစ်ဆေးမှုနယ်ပယ်မှဖယ်ထုတ်လိုက်ပါမည်။

## လိုက်နာမှုစုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်နှင့်ပဏာမအချိန်ဇယား

ပဏာမအချိန်ဇယားအရ CAO သည် ၂၀၂၁ နို ဝ င်ဘာလတွင် လိုက်နာရမည့်စုံစမ်းစစ်ဆေးမှုမှုကြမ်းကို ပြီးစီးရပါမည်။

စုံစမ်းစစ်ဆေးရေးအစီရင်ခံစာမူကြမ်းကို IFC ၏အကြီးတန်းစီမံခန့်ခွဲမှုနှင့်သက်ဆိုင်ရာ IFC ဌာနအားလုံးသို့ အချက်အလက်ပြန်လည်သုံးသပ်ရန်နှင့် ဝေဖန်ပေးရန်ဖြန့်ဝေပါမည်။ လက်ခံရရှိပြီး ရက်ပေါင်း ၂၀ အတွင်းတွင် IFC ၏ မှတ်ချက်များကို CAO ထံသို့စာဖြင့်ရေးသားပေးပို့သင့်ပါသည်။

အကြံပေးမှုကြမ်းနှင့်စပ်လျဉ်းပြီး IFC၏မှတ်ချက်များကိုလက်ခံရရှိပြီးသည့်နောက်တွင် CAOသည် အစီရင်ခံစာကို အပြီးသတ်ပါလိမ့်မည်။ အပြီးသတ်အစီရင်ခံစာအပေါ်တရားဝင်တုံ့ပြန်ရန်အတွက် IFC ၏အကြီးတန်းစီမံခန့်ခွဲမှုထံသို့တင်ပြပါမည်။ CAO ၏ဝက်ဘ်ဆိုက်တွင်အကြောင်းကြားစာတစ်ခုတင်ထားပါမည်။ IFC သည် CAO ထံသို့စာဖြင့်ပြန်လည်ဖြေကြားရန် အလုပ်ဖွင့်ရက် ၂၀ ရှိပါသည်။ CAO သည် စုံစမ်းစစ်ဆေးမှုအစီရင်ခံစာနှင့် IFC၏ တုန့်ပြန်ဆောင်ရွက်ချက်ကို ကမ္ဘာ့ဘဏ်အုပ်စု၏ဥက္ကဋ္ဌထံသို့ပေးပို့ပါမည်။ လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုအစီရင်ခံစာပါအချက်များနှင့်ပတ်သက်၍ ဥက္ကဋ္ဌက တစ်စုံတစ်ရာ ဖြည့်စွက်မည်မဟုတ်ပါ။ သို့ရာတွင် စုံစမ်းစစ်ဆေးမှုတွေ့ရှိချက်များကို CAO နှင့် ဆွေးနွေးနိုင်ပါသည်။

IFC၏အကြီးတန်းစီမံခန့်ခွဲမှု၏တုန့်ပြန်ဆောင်ရွက်ချက်ကို ဥက္ကဋ္ဌကကျေနပ်သည်နှင့်တပြိုင်နက် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာနှင့် အဆိုပါတုန့်ပြန်ဆောင်ရွက်မှုအတွက်အတည်ပြုပေးပါမည်။ ဥက္ကဋ္ဌသည် အဆိုပါ အတည်ပြုချက်အပေါ် ဆုံးဖြတ်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားပါမည်။ အဆိုပါ အတည်ပြုချက်ပေးပြီးသည့်နောက်

CAO သည်စုံစမ်းစစ်ဆေးမှုအစီရင်ခံစာနှင့် IFC ၏တုန့်ပြန်ဆောင်ရွက်မှုကိုဘုတ်အဖွဲ့ထံသို့ တင်ပြပါမည်။ CAO က ယင်း၏ ဝက်ဘ်ဆိုက်တွင် သက်ဆိုင်သူများ၏ စာရွက်စာတမ်းများကို ဖွင့်ထုတ်ပြသရန် သတိပေးအကြောင်းကြားပြီး စာရွက်စာတမ်းများကိုတိုင်ကြားသူများထံသို့ မျှဝေပေးပါမည်။

## ပြင်ပမှပညာရှင်များ

၎င်း၏ကျင့် ဝတ်များအရ CAO သည်ဤစုံစမ်းစစ်ဆေးမှုတွင် ၎င်းနှင့် အတူလုပ်ကိုင်ရန်ပြင်ပကျွမ်းကျင်သူတစ်ဦး (သို့မဟုတ်)အထက် နှင့် လုပ်ကိုင်ပါမည်။ အဆိုပါလိုက်နာမှုစုံစမ်းစစ်ဆေးမှုအတွက် CAO သည် အောက်ပါတို့ကို လိုက်နာမှုစုံစမ်းစစ်ဆေးမှုပညာရှင်အတွက် လိုအပ်သည့်အချက်များအဖြစ် ထည့်သွင်းစဉ်းစားပါမည်။

- မြန်မာနိုင်ငံ၏ရေအရည်အသွေးနှင့်လေထုတွင်းထုတ်လွှတ်မှုနှင့်ဆက်စပ်နေသည့် အန္တရာယ်ရှိနိုင်ခြေများ ကိုအကဲဖြတ်ခြင်းနှင့်စီမံခန့်ခွဲခြင်းအပါအဝင် ပိုးသတ်ဆေးထုတ်လုပ်မှုတွင် ကျွမ်းကျင်မှု။
- စီမံကိန်းများချဲ့ထွင်ခြင်းနှင့်လည်ပတ်ခြင်းအတွက်လိုအပ်သောခွင့်ပြုသည့်လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံ၏ဥပဒေနှင့်မူဝါဒများကိုသိနားလည်ခြင်း။
- IFC ၏ E&S မူဝါဒများ၊ စံသတ်မှတ်ချက်များနှင့်လုပ်ထုံးလုပ်နည်းများ၊ အထူးသဖြင့် စွမ်းဆောင်ရည်စံသတ်မှတ်ချက် - ၁ (သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးရာ အန္တရာယ်ရှိနိုင်ခြေများနှင့် သက်ရောက်မှုများကို အကဲဖြတ်ခြင်းနှင့်စီမံခန့်ခွဲခြင်း)၊ စွမ်းဆောင်ရည်စံသတ်မှတ်ချက်-၃ (အရင်းအမြစ်ကို လိုအပ်သလောက်သာ ထိထိရောက်ရောက် အသုံးပြုမှုနှင့် ညစ်ညမ်းမှုမဖြစ်စေရန်တားဆီးခြင်း) နှင့် စွမ်းဆောင်ရည်စံသတ်မှတ်ချက် - ၄ (ရပ်ရွာကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် လုံခြုံရေး) ကို သိနားလည်မှု။

- လိုက်နာမှုဆိုင်ရာစုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင်သက်ဆိုင်ရာအတွေ့အကြုံနှင့်ဗဟုသုတ၊ နှင့်
- မူဝါဒများနှင့်အလေ့အကျင့်များကိုခွဲခြမ်းစိတ်ဖြာရန်နှင့် ရှုပ်ထွေးသောအဖွဲ့အစည်းဆိုင်ရာ အခင်းအကျင်းတွင်ပြုပြင်ပြောင်းလဲရေးအတွက်အဆိုပြုချက်များ ပြုစုရန် စွမ်းဆောင်ရည်ရှိသည်ဟု ဖော်ထုတ်ပြသထားသည့်အရည်အချင်း။